ဒေါက်တာအန်ဒရာတော့စ်မန်း

အမှုဆောင်အရာရှိချုပ်၊ MAN SE ကုမ္ပဏီ

ဒါဟ္ခာဟာလမ်း၊ အမှတ် (၆၄၁)

၈၀၉၉၅၊ မြူးနစ်မြို့ ဂျာမဏီ။

အီးမေးလ်မှတဆင့်

မိတ္တူကို

Traton SE

Volkswagen AG

၂၀၂၁ ခုနှစ်၊ စက်တင်ဘာလ၊ ၁၃ ရက်

လေးစားအပ်ပါသော ဒေါက်တာတော့စ်မန်း

ရည်ညွှန်း - မြန်မာစစ်တပ်နှင့် Sinotruk ကုမ္ပဏီ၏ စီးပွားရေးဆက်နွယ်မှုများ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ၏ စစ်တပ်အဖွဲ့အစည်းများက စစ်အာဏာသိမ်းမှုအားဆန့်ကျင်သည့် ဆန္ဒပြသူများ၊ အရပ်ဘက်အဖွဲ့အစည်းများနှင့် လွတ်လပ်သည့် သတင်းထောက်များအပေါ် ဆက်လက်ကျူးလွန်လျက်ရှိသည့် အကြမ်းဖက်ဖိနှိပ်မှုများနှင့် သတ်ဖြတ်ဖြိုခွဲမှုများတွင် Sinotruk ကုမ္ပဏီထုတ် မော်တော်ယာဉ်များအား အသုံးပြုနေမှုနှင့် စပ်လျဉ်း၍ ကျွန်ုပ်တို့၏ စိုးရိမ်ပူပန်မှုကို ဖော်ပြရန်အတွက်

လူကြီးမင်းထံ စာရေးလိုက်ရပါသည်။ လူကြီးမင်းတို့၏ MAN SE ကုမ္ပဏီသည် ၂၀၀၉ ခုနှစ်မှစ၍ Sinotruk Hong Kong ကုမ္ပဏီတွင် ရှယ်ယာ ၂၅ ရာခိုင်နှုန်းကို ပိုင်ဆိုင်ခဲ့ပြီး ကုမ္ပဏီ၏ ဆုံးဖြတ်ချက် တစ်ရပ်အား တားဆီးနိုင်သည့် အနည်းစုရှယ်ယာရှင်တစ်ဦးအဖြစ် Sinotruk လုပ်ငန်းများ၏ စီမံအုပ် ချုပ်မှုပိုင်းအပေါ် အရေးပါသည့် သြဇာလွှမ်းမိုးမှုကို ရရှိထားပါသည်။

မြန်မာစစ်တပ်သည် ဖေဖော်ဝါရီလ ၁ ရက်နေ့တွင် စစ်အာဏာသိမ်းကြိုးပမ်းမှုဖြင့် အရပ်သားအစိုးရ အား ဖြုတ်ချခဲ့ရာ တိုင်းပြည်၏ အကန့်အသတ်ဖြင့် ရရှိနေသည့် ဒီမိုကရေစီကိုလည်း ဖျက်ဆီးချေမွခဲ့ပါသည်။ စစ်အာဏာသိမ်းမှုအပေါ် ဆန့်ကျင်ခဲ့သည့် ဆန္ဒပြပြည်သူများအပေါ် လက်ရှိကျူးလွန်လျက်ရှိသည့် သွေးထွက်သံယို ဖြိုခွဲမှုများတွင် ကလေးငယ်များအပါအဝင် အရပ်သားပြည်သူ ၁၀၀၀ ကျော်အား စစ်တပ်နှင့် ၎င်း၏ လက်အောက်ခံ လုံခြုံရေးအဖွဲ့အစည်းများက သတ်ဖြတ်ခဲ့ပြီး ထိုသတ်ဖြတ်မှုများသည် လူသားမျိုးနွယ် အပေါ်ကျူးလွန်သည့်ရာဇဝတ်မှုမြောက်နိုင်အောင်ပင် ကြီးလေးလှပါသည်။[1] အရပ်သားပြည်သူ ထောင်ပေါင်း များစွာအား ဥပဒေမဲ့ မတရားဖမ်းစီးခဲ့ပြီး နှိပ်စက်ညှဉ်းပမ်းမှုများ ပြုလုပ်ခဲ့သည်။ မြန်မာစစ်တပ်သည် နိုင်ငံတဝန်းရှိ မြို့ပေါင်းများစွာတွင် စစ်အာဏာသိမ်းဆန့်ကျင်ဆန္ဒ ပြသူများအပေါ် ဖြိုခွဲမှုများအတွက် Sinotruk မော်တော်ယာဉ်များအား အသုံးပြုခဲ့သည်ကို ခိုင်လုံစွာ ရရှိမှတ်တမ်းတင်ထားခဲ့ပြီး ဖြစ်ပါသည်။ ဖြိုခွဲမှုများ ဆောင်ရွက်ရန်အတွက် Sinotruk ကုမ္ပဏီ၏ HOWO အမျိုးအစား ထရပ်ကားများ ဖြစ်နိုင်သည့် မော်တော်ယာဉ်များအား အသုံးပြုမှု သက်သေအထောက်အထား ဓါတ်ပုံနှင့်ဗီဒီယို အမြောက်အများကို လူမှုကွန်ရက်မီဒီယာများ၊ မြန်မာမီဒီယာများနှင့် Süddeutsche ၏ ၂၀၂၁ ခုနှစ် မတ်လ ၂၈ ရက်နေ့ထုတ် သတင်းဆောင်းပါးတစ်ခုတို့တွင် ဖော်ပြခဲ့သည်။[2] အဆိုပါသက်သေ အထောက်အထားများတွင် Sinotruk မော်တော်ယာဉ်များဖြင့် ဆန္ဒပြနေရာများသို့ လက်နက်ကိုင် စစ်သားများကို သယ်ယူပို့ဆောင်ပေးခြင်း၊ စစ်သားများက ယင်းမော်တော်ယာဉ်များပေါ်မှ ဆန္ဒပြပြည်သူများအား လောက်လေးခွများ၊ လေသေနတ် များဖြင့် ပစ်ခတ်နေခြင်းများနှင့် ဥပဒေမဲ့ ဖမ်းဆီးခံ ပြည်သူများကို ယင်းမော်တော်ယာဉ်များဖြင့် ခေါ်ထုတ်သွားခံရခြင်းများ ပါဝင်သည်။ မြန်မာစစ်တပ်သည် စစ်ရာဇဝတ်မှုများနှင့် လူသားမျိုးနွယ်အပေါ် ကျူးလွန်ခဲ့သည့် ရာဇဝတ်မှုများ ကျူးလွန်ခဲ့သည့် လူမျိုးစု ဒေသများအတွင်း ၎င်းတို့၏ စစ်ဆင်ရေးများတွင် Sinotruk မော်တော်ယာဉ်များကို အသုံးပြုလျက် ရှိနေနိုင်ပါသည်။[3]

၂၀၁၁ ခုနှစ်တွင် Sinotruk ကုမ္ပဏီသည် အမှတ် (၁) မြန်မာမော်တော်ကားစက်ရုံ အဆင့်မြင့်တင်ရေး အတွက် မြန်မာနိုင်ငံရှိ အမှတ် (၁) အကြီးစားစက်မှုလုပ်ငန်းနှင့် စီးပွားရေးမိတ်ဖက်ဆောင်ရွက်မှုတစ်ခုကို စတင်

---

[1] https://www.ohchr.org/EN/NewsEvents/Pages/DisplayNews.aspx?NewsID=26885&LangID=E
[2] https://projekte.sueddeutsche.de/artikel/wirtschaft/myanmar-the-role-played-by-the-german-company-man-e692964/ နှင့် https://www.justiceformyanmar.org/stories/german-linked-trucks-feature-in-brutal-myanmar-crackdown
[3] https://www.amnesty.org/en/latest/news/2021/02/myanmar-un-security-council-must-act-urgently-hold-military-accountable/

လုပ်ဆောင်ခဲ့သည်။ အဆိုပါအဆင့်မြှင့်တင်ခြင်းမိတ်ဖက်ဆောင်ရွက်မှုတွင် ယင်းစက်ရုံ၌ Sinotruk ၏ HOWO အမျိုးအစား ထရပ်ကားများ ထုတ်လုပ်ခြင်းနှင့် တပ်ဆင်ခြင်းလုပ်ငန်းများကို ခွင့်ပြုလုပ်ဆောင်စေခဲ့ပါသည်။ Sinotruk လိုင်စင်အောက်တွင် မြန်မာစစ်တပ်သည် အကြီးစား ဝန်ဆောင်မှု စစ်သုံးထရပ်ကားများ ထုတ်လုပ်နေကြောင်း အတည်မပြုနိုင်သေးသည့် သတင်းများလည်း ရှိနေပါသည်။ မကြာသေးမီ နှစ်များအတွင်း မြန်မာစစ်တပ်၏ စစ်ရေးပြအခမ်းအနားများတွင် တွေ့ရှိမှုအရ မြန်မာစစ်တပ်သည် ဒုံးပျံပစ်စနစ်တပ်ဆင်တင်ဆောင်ထားသည့် စစ်သုံးမော်တော်ယာဉ်များကို ပိုင်ဆိုင်ထားပါသည်။[4]

၂၀၂၁ ခုနှစ် မတ်လ၌ Süddeutsche Zeitung သတင်းဌာန၏ မေးမြန်းမှုများကို ဖြေကြားရာတွင် Sinotruk ယာဉ်များကို မြန်မာစစ်တပ်က အသုံးပြုနေမှုကို သိရှိထားခြင်းမရှိကြောင်း MAN ကုမ္ပဏီ၏ ပြောရေးဆိုခွင့်ရှိသူက ဖော်ပြခဲ့ပါသည်။ ထို့အပြင် "Sinotruk နှင့် လက်ရှိစစ်ကောင်စီတို့အကြား မည်သို့မျှ ပူးပေါင်းဆောင်ရွက်မှု မရှိကြောင်း" Sinotruk ကုမ္ပဏီက စာတစ်စောင်တွင် အာမခံချက် ပေးအပ်ခဲ့ကြောင်း MAN ကုမ္ပဏီက အကြောင်းကြားခဲ့ပါသည်။[5]

နယ်စည်းမခြားသတင်းသမားများအဖွဲ့က MAN နှင့် အခြားသော နိုင်ငံတကာကော်ပိုရေးရှင်း ၁၁ ခုတို့ထံ မြန်မာနိုင်ငံရှိ ၎င်းတို့၏ စီးပွားရေးလုပ်ဆောင်မှုများနှင့် စပ်လျဉ်း၍ ဧပြီလတွင် စာရေးသား ပေးပို့ခဲ့ပြီးနောက် ဇူလိုင်လတွင်လည်း မြန်မာနိုင်ငံတွင် လက်ရှိဖြစ် ပွားနေသည့် ညှာတာမှုကင်းမဲ့သော ကြောက်မက်ဖွယ် ဖြိုခွဲမှုများတွင် ၎င်းတို့ကုမ္ပဏီများအနေဖြင့် ကြံရာပါအဖြစ် ပါဝင်ပတ်သက်မှု မရှိစေရန် မြန်မာစစ်ကောင်စီနှင့် တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍ သော်လည်းကောင်း စီးပွားရေးပတ်သက်မှုမရှိစေရေး မှန်ကန်အားကောင်းသည့် လုပ်ဆောင်ချက်များကို လုပ်ဆောင်ရန် ထပ်မံရေးသားပေးပို့တောင်းဆိုထားသည်။ MAN ကုမ္ပဏီသည် ပထမစာ တစ်စောင်ကို မယုတ်မလွန် ပြန်လည်တုန့်ပြန်ရေးသားခဲ့ပြီး ဒုတိယစာကိုမူ ယခုအချိန်အထိ တုန့်ပြန်မှု မရှိသေးပါ။

မြန်မာစစ်တပ်၏ ကျယ်ပြန့်ကြီးလေးသောလူ့အခွင့်အရေးချိုးဖောက်မှုများကို Sinotruk ၏ စစ်ဘက်ယာဉ်များနှင့် MAN ၏ နည်းပညာ အကူအညီများဖြင့် ကျူးလွန်လျက်ရှိနေခြင်းကြောင့် လူကြီးမင်းတို့ စီးပွားရေးမိတ်ဖက်၏ ယင်းအာမခံချက်ကိုရရှိမှုဖြင့် လုံလောက်မှုမရှိကြောင်း ကျွန်ုပ်တို့က ခိုင်မာစွာ ယုံကြည်သည်။ လူကြီးမင်းတို့အနေဖြင့် သက်တမ်းရှိနိုင်သေးသည့် လိုင်စင်သဘောတူစာချုပ်များ အပါအဝင် မြန်မာစစ်တပ်နှင့် ၎င်း၏ လက်အောက်ခံ လုံခြုံရေးအဖွဲ့အစည်းများနှင့် Sinotruk တို့၏ စီးပွားရေး ဆက်နွယ်မှုများကို စေ့စေ့စပ်စပ် စုံစမ်းစစ်ဆေးမှုတစ်ရပ်ကို ဆောင်ရွက်ပါရန် ကျွန်ုပ်တို့က တောင်းဆိုပါသည်။ စီးပွားရေးနှင့် လူ့အခွင့်အရေးဆိုင်ရာ ကုလသမဂ္ဂလမ်းညွှန်အခြေခံမှုများနှင့် တာဝန်သိစီးပွားရေး

[4] https://www.gettyimages.de/detail/nachrichtenfoto/myanmars-military-hardware-is-paraded-during-a-nachrichtenfoto/517719094?adppopup=true
[5] https://projekte.sueddeutsche.de/artikel/wirtschaft/myanmar-the-role-played-by-the-german-company-man-e692964/

လုပ်ငန်းများဆိုင်ရာ OECD အခြေခံ လမ်းညွှန်ချက်များအရ MAN ကုမ္ပဏီသည် ၎င်းတို့၏ စီးပွားရေး လုပ်ငန်းများနှင့် စီးပွားရေးဆက်ဆံရေးအားလုံးတွင် လူ့အခွင့်အရေးအပေါ် လေးစားလိုက်နာမှုရှိစေရန် တာဝန်ရှိပေသည်။ ကုလသမဂ္ဂလမ်းညွှန်အခြေခံမူများတွင် စီးပွားရေးလုပ်ငန်းများအနေဖြင့် "၎င်းတို့၏ လုပ်ငန်းဆောင်ရွက်မှုများ၊ ၎င်းတို့၏ စီးပွားရေးအဆက်အနွယ်များ၏ ထုတ်ကုန်များ၊ ဝန်ဆောင်မှုများနှင့် တိုက်ရိုက်ဆက်နွယ်မှုရှိသည့် လူ့အခွင့်အရေးဆိုင်ရာ ဆိုးကျိုးသက်ရောက်မှုများကို ( အဆိုပါဆိုးကျိုးသက်ရောက်မှုများတွင် ၎င်းတို့ ပါဝင်ကူညီခဲ့ခြင်း မရှိလျှင်ပင်) ကာကွယ်ရန်နှင့် လျော့ချရန်အတွက် တာဝန်ရှိကြောင်း သတ်မှတ် ပြဋ္ဌာန်းထားသည်။[6]

ထို့အတွက်ကြောင့် Sinotruk Hong Kong နှင့် မြန်မာစစ်တပ်တို့အကြား တိုက်ရိုက်သော် လည်းကောင်း၊ အခြားသော Sinotruk ကုမ္ပဏီခွဲများနှင့် လုပ်ဖော်ကိုင်ဖက်များမှတဆင့် သွယ်ဝိုက်၍ သော်လည်းကောင်း ဆက်နွယ်မှုမှန်သမျှအပေါ် ပွင့်လင်းမြင်သာသည့် စုံစမ်းစစ်ဆေးမှုတစ်ရပ်ကို ဆောင်ရွက်ရေး အမြန်ဆုံးချမှတ်လုပ်ဆောင်ရန် MAN SE ကုမ္ပဏီအား ကျွန်ုပ်တို့ တောင်းဆိုပါသည်။ ဆက်နွယ်မှုတစ်စုံတရာရှိကြောင်း တွေ့ရှိပါက အဆိုပါကုမ္ပဏီအား မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂ၏ လွတ်လပ်သည့်နိုင်ငံတကာ အချက်အလက်ရှာဖွေရေးမစ်ရှင်က ၂၀၁၉ ခုနှစ် ဩဂုတ်လတွင် အကြံပြုထားသည့်အတိုင်း မြန်မာစစ်တပ်နှင့် ဆက်နွယ်မှုအားကို ဖြတ်တောက်ရန်နှင့် MAN ၏ နည်းပညာ များက  စစ်တပ်ကို မည်သည့်ပုံစံဖြင့်မှ အကျိုးပြုမှုမရှိစေရန်အတွက် MAN ကုမ္ပဏီအနေဖြင့် ချက်ချင်း အရေးယူ ဆောင်ရွက်ချက်များ မဖြစ်မနေ လုပ်ဆောင်ရပါမည်။

ယခုပေးပို့သည့်စာကို MAN SE ကုမ္ပဏီဘက်မှ အကြောင်းပြန်ဖြေရှင်းမှုတစ်ရပ်ကို ဖြစ်နိုင်သမျှ အမြန်ဆုံးဆောင်ရွက်ပါရန် ကျွန်ုပ်တို့ တောင်းဆိုပါသည်။ ကျေးဇူးပြု၍ Mathias Pfeifer (m.pfeifer@fian.de) ထံ အကြောင်းပြန်ပေးပါရန်။

လေးစားစွာဖြင့်

FIAN Deutschland

Info Birmanie

Justice For Myanmar

Reporter ohne Grenzen

Stiftung Asienhaus

urgewald

U.S. Campaign for Burma

---

6 https://www.ohchr.org/documents/publications/guidingprinciplesbusinesshr_en.pdf